Teaching Ministry – Rev. Saw Harrison

Teaching Ministry ကိုဘယ်ဦးဆောင်ဦးရွက်ပြုရမလဲ ဆိုတဲ့အကြောင်းမပြောခင်မှာ အခုက Office Development Training ဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ရုံးတွေ၊ အဖွဲ့အစည်းတွေမှာ ဘယ်လိုnature ရှိတယ်ဆိုတာကိုဦးဆုံးပြောပြချင်ပါတယ်။ ကျွန်တော်တို့ရုံးတွေ၊ အဖွဲ့အစည်းတွေမှာ ဌာနတွေရှိကြပါတယ်။ အများအားဖြင့် ဌာနအမျိုးအစား (၃)မျိုးခွဲကြတယ်။ ဒါပေမဲ့ကျွန်တော်ဒီမှာ အဓိကကျတဲ့(၂)မျိုးကိုဖော်ပြမှာဖြစ်ပါတယ်။ အစီအစဉ်ဌာန ( Program Department) နဲ့ လူအစုအဝေးကိုအခြေခံတဲ့အဖွဲ့အစည်းဌာန ( Organization Department) ဆိုပြီး(၂)ခုရှိပါတယ်။ အရင်တုန်းကဆိုရင်များသောအားဖြင့် Organization Department ဆိုပြီးသိပ်မရှိဘူး Organization လို့ပဲခေါ်ကြတယ်။ ဒါပေမဲ့နောက်ပိုင်းမှာတော့ စီမံခန့်ခွဲမှုတွေမှာ အဖွဲ့ချုပ်ဖြစ်ဖြစ်၊ အသင်းချုပ်ဖြစ်ဖြစ် အရင်တုန်းကဆိုရင် လူကိုအခြေခံတဲ့အဖွဲ့က Minister, Woman, Man, Youth and Children ဒီ Department တွေပဲဖြစ်တယ်။ အရင်တုန်းကတော့ သူတို့က Organizationအနေနဲ့ပဲရှိတယ်၊ ဓမ္မအမှုတော်ဆောင်အသင်း၊ အမျိုးသမီးအသင်း၊ အမျိုးသားအသင်း၊ လူငယ်အသင်း၊ ကလေးအသင်းဆိုပြီးရှိကြတယ်။ ဒါပေမဲ့အခုချိန်မှာ နှစ်ခြင်းအသင်းချုပ်မှာ ဌာနတွေပြန်ဖြစ်ကြတယ်။ အဲ့ဒီဌာနတွေကလူပုဂ္ဂိုလ်ကိုအခြေခံထားတယ်။ Minister Department ဆိုရင်လည်း ဓမ္မဆရာအစုအဖွဲ့ကိုအခြေခံပြီး၊ Woman Department ဆိုရင် အမျိုးသမီးထုတစ်ရပ်လုံးကိုအခြေခံထားတဲ့ဌာနဖြစ်တယ်၊ Man Department ဆိုရင်လည်း အမျိုးသားအစုအဖွဲ့ကိုကိုယ်စားပြုတဲ့ဌာန ဖြစ်တယ်၊ လူငယ်ထုတစ်ရပ်လုံးကိုကိုယ်စားပြုတဲ့အဖွဲ့အစည်းကို Youth Department လို့ခေါ်တယ်။ ဒီမှာတစ်ခု သတိထားစရာရှိတာက လူသားတစ်ရပ်လုံးလို့ပြောတဲ့အခါမှာ အမျိုးသမီး၊ အမျိုးသားနဲ့ လူငယ်ဆိုပြီး ရှိပေမဲ့ကလေးကပျောက်နေတယ်။ အဖွဲ့ချုပ်မှာကော၊ အသင်းချုပ်မှာကော Children Department ကမရှိဘူးဖြစ်နေတယ်။

Program Department မှာကြည့်မယ်ဆိုရင် အစီအစဉ်ကိုအခြေခံတဲ့ဌာနဖြစ်ပါ တယ်။ သူ့မှာလူပုဂ္ဂိုလ်မရှိပါဘူး။ Christian Education Department ဆိုရင် ပညာရေးဌာနတစ်ခု၊ ပညာရေးကိုဝန်ဆောင်တဲ့ဌာနဖြစ်တဲ့အတွက် လူပုဂ္ဂိုလ်ကိုအခြေခံတာမဟုတ်ပါဘူး။ လူသားတစ်ရပ်လုံးဘယ်အသက်အရွယ်မဆိုအတွက် ပညာရေးအစီအစဉ်ကို ဦးဆောင်လုပ်ပေးတဲ့ဌာနဖြစ်ပါတယ်။ အဲ့လိုပဲ Evangelism & Mission Department ဆိုရင်လည်း လူသားတစ်ရပ်လုံးကို သာသနာပြုတဲ့အစီအစဉ်ဌာနဖြစ်တယ်။ Leadership Promotion Department, Communication Department, Care & Counseling Department, Publication Department and Social Service Department ဒါတွေအားလုံးကလည်း အစီအစဉ်ဌာနတွေဖြစ်ကြပါတယ်။ အစီအစဉ်ဌာနတွေဖြစ်တဲ့အတွက် လူပုဂ္ဂိုလ်ကိုဦးမတည်ပါဘူး။ အဓိကအားဖြင့် လူသားတစ်ရပ်လုံးအစီအစဉ်အတွက် ဦးဆောင်ရတဲ့အခါမှာ ဒါကြောင့်ကျွန်တော်ပြောခဲ့တဲ့အတိုင်း ဌာန(၂)မျိုးရှိပါတယ်။

ကျွန်တော်တို့ ခရစ်ယာန်ဓမ္မပညာဌာနကတော့ ထူးဆန်းစွာတာဝန်ပေးအပ်ခြင်းခံရတယ်။ ဘာဖြစ်လို့လဲဆိုရင် ခရစ်ယာန်ဓမ္မပညာဌာနလို့ပြောတဲ့အခါမှာ ကလေးလုပ်ငန်းလို့ပဲမြင်ကြတာများတယ်။ ဒါလည်းမဆန်းပါဘူး၊ မှားတယ်လို့လဲမဆိုလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကလေးတစ်ရပ်လုံးကို ကိုယ်စားပြုတဲ့ဌာနမရှိတဲ့အခါကျတော့ ခရစ်ယာန်ဓမ္မပညာဌာနက ကလေးထုတစ်ရပ်လုံးကိုလည်း ကိုယ်စားပြုပြီးလုပ်ဆောင်နေရတဲ့ဌာနတစ်ခုအနေနဲ့ တာဝန်ယူရတဲ့အပိုင်းမှာရှိတော့ Organization Department ကိုလည်းတာဝန်ယူရသလို တစ်ဘက်က Program Department ဖြစ်တဲ့ ခရစ်ယာန်ဓမ္မပညာအစီအစဉ်ကိုလည်းတာဝန်ယူရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲ့ဒီနှစ်ခုက ကွဲကွဲပြားပြား၊ ရှင်းရှင်းလင်းလင်း ထိထိရောက်ရောက်လုပ်ဆောင်နေကြမယ် ဆိုလို့ရှိရင် အင်မတန်မှကောင်းမွန်ပြီးထိရောက်မှာဖြစ်ပါတယ်။ အခုကမကွဲမပြား မရှင်းမလင်း မသေမချာ ရောနှောရှုပ်ထွေးနေကြတော့ ခရစ်ယာန်ဓမ္မပညာလုပ်ငန်းလို့ဆိုတာနဲ့ အမျိုးသမီးများဦးဆောင်တဲ့ အမျိုးသမီးအများစုပါဝင်တဲ့ ကလေးလုပ်ငန်းလို့ပဲမြင်ကြတယ်။ ဒီအမြင်က တကယ်ကမှားလားဆိုတော့လည်း မမှားပါဘူး။ မှန်လားဆိုတော့လည်းအပြည့်အဝမမှန်ပါဘူး။ ဘာလို့မမှန်လဲဆိုတော့ ဘာလို့ခရစ်ယာန်ဓမ္မပညာဌာနမှာ ဘာလို့အမျိုးသမီးတွေပဲ များတာလဲလို့ တစ်ချို့လူကမေးကြတယ်။ ခရစ်ယာန်ဓမ္မပညာဌာနမှာ ဘာလို့အမျိုးသမီးတွေပဲ များရခြင်းအကြောင်းအရင်းက ခရစ်ယာန်ဓမ္မပညာဌာနကို လူတော်တော်များများက ကလေးလုပ်ငန်းလုပ်တဲ့ဌာနလို့ မြင်တဲ့အတွက် အမျိုးသမီးတွေကိုပဲ ရွေးချယ်ခြင်းဖြစ်ပါတယ်။ ကလေးလုပ်ငန်းမှာ အမျိုးသားတွေလုပ်လို့မရဘူးလားဆိုတော့လဲ ဦးဆောင်တဲ့အခန်းကဏ္ဍတွေမှာ လုပ်လို့ရပါတယ်။ သို့သော်လည်း အထူးသဖြင့် ECCD ကျောင်းတွေမှာဆိုရင် ဆရာမတွေပဲများပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသား၊ အမျိုးသမီးဆိုတဲ့ nature ကိုကြည့်မယ်ဆိုရင် အမျိုးသမီးတွေရဲ့မိခင်မေတ္တာစိတ်က ကလေးတွေအပေါ် စိတ်ရှည်တယ်၊ သီးခံနိုင်တယ်။ အားလုံးသိပါတယ် ဖခင်တွေဆိုရင်တော်တော်များများက ၁၊၂၊၃ ဆိုတာနဲ့မရရင်ဒေါသထွက်ပြီး လက်ကပါလာပါတယ်။ ဒါကြောင့်ဖခင်မေတ္တာနဲ့သွားလို့ရှိရင် ကလေးတေခဏခဏရိုက်ခံရမဲ့ကိန်းရှိပါတယ်။ မိခင်မေတ္တာဆိုတာက နွေးထွေးတယ်၊ ကလေးတွေကိုယုယတယ်၊ ကလေးတွေကိုစိတ်ရှည်တယ်၊ ချီးသေးကအစမရွံ့ရှာပဲလုပ်နိုင်တယ်။ ဒါကြောင့်မို့ ECCD လုပ်ငန်းမှာ အမျိုးသမီးတွေပဲများရခြင်းဖြစ်ပါတယ်။ အဲ့ဒီအပြင်ကို အမြင်ကအဲ့ထက်ကိုမပွင့်တော့ဘဲနဲ့ ဓမ္မပညာဌာနတစ်ခုလုံးက ကလေးလုပ်ငန်းလို့မြင်တဲ့အခါကျတော့ ကော်မတီဝင်တော်တော်များများက ရွေးတယ်ဆိုရင်လဲ ခရစ်ယာန်ဓမ္မပညာဆိုလို့ရှိရင် အမျိုးသားထက် အမျိုးသမီးတွေကို ရာခိုင်နှုန်း (၈၀)လောက်ဦးစားပေးပြီး ရွေးကြတာဖြစ်ပါတယ်။ အဲ့ဒါကလဲ Organization Department ဖြစ်တဲ့ ကလေးလုပ်ငန်းဘက်ကို ဇောင်းပေးပြီး အလေးသာတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ တကယ်လို့ Program Department ဖြစ်တဲ့ Christian Education အစီအစဉ်က ပညာရေးကဏ္ဍဖြစ်ပါတယ်။ ပညာရေးကဏ္ဍကိုကြည့်မယ်ဆိုရင် အမျိုးသားတွေလုပ်ရှားနိုင်တာ အများကြီးရှိပါတယ်။ အထူးသဖြင့် ခရစ်ယာန်ဓမ္မပညာမှာ အစီအစဉ်နဲ့ အဖွဲ့အစည်းဌာနနှစ်ခုရဲ့အလုပ်ကို မျှမျှတတနဲ့ထိထိရောက်ရောက်လုပ်ပေးဖို့လိုပါတယ်။

ခရစ်ယာန်ဓမ္မပညာဌာနမှာ အသွင်မတူတဲ့ natureနှစ်ခုကို ကိုင်တွယ်ရတဲ့အခါမှာ ဘယ်အလုပ်တွေရှိလဲ ကြည့်မယ်ဆိုရင် Christian Education ဆိုတဲ့ အစီအစဉ်ဌာနမှာက ဘာကိုအခြေခံပြီးတော့ ဘာလုပ်ငန်းတွေလုပ်နိုင်လဲဆိုတဲ့အခါမှာ Teaching Ministry အစီအစဉ်ကိုအခြေခံပြီးတော့ ဖော်ထုတ်တဲ့လုပ်ငန်းဖြစ်တယ်။ Children Work ကလေးအစုအဖွဲ့ကို အခြေခံပြီးတော့ဖော်ဆောင်တဲ့လုပ်ငန်းအစီအစဉ်ဖြစ်တယ်။ အစီအစဉ်လုပ်ငန်းဖြစ်တဲ့ ခရစ်ယာန်ဓမ္မပညာလုပ်ငန်းကို ကြည့်မယ်ဆိုရင် အဓိကအလုပ်ကတော့ သင်ကြားခြင်းအမှုတော်မြတ်လုပ်ငန်းဖြစ်တယ်။ ခရစ်ယာန်ဓမ္မပညာလုပ်ငန်းက ပညာရေးလုပ်ငန်းဖြစ်တဲ့အတွက် ပညာရေးလုပ်ငန်းရဲ့အဓိကလုပ်ငန်းကတော့ သင်ကြားခြင်းဆိုတဲ့ပညာရေးကဏ္ဍပဲဖြစ်တယ်။ ပညာရေးကဏ္ဍမှာဘာပါသလဲ- အသင်းတော်ကျောင်းအစီအစဉ်များ (Church School programs) ပါပါတယ်။ အသင်းတော်ကျောင်းမှာဘာပါသလဲ (Programs) မှာ (S) ပါတဲ့အတွက် အစီအစဉ်များကိုပြောခြင်းဖြစ်တယ်။ အသင်းတော်ကျောင်းအစီ အစဉ်များဆိုတာ အလွယ်တကူနားလည်တာက Sunday School ဆိုပြီးနားလည်ပါတယ်။ Nursery, KG, Primary, Junior, Youth and Adult Sunday School class ဆိုပြီး အမျိုးမျိုးသော Sunday School Class ခွဲပြီးလုပ်နိုင်သောအသင်းတော်များရှိရင် ခွဲပြီးလုပ်ဆောင်သောလုပ်ငန်းကို Church School လို့ခေါ်ပါတယ်။ နောက်ပြီးတော့ Bible Study လဲပါပါတယ်။ ဘာဖြစ်လို့လဲဆိုရင် လူငယ်အရွယ်ရောက်ပြီဆိုရင် သူတို့ကို Sunday School တက်ခိုင်းရင် သူတို့မှာအမြင်မပြောင်းလဲနိုင်တာတစ်မျိုးရှိတယ်။ Sunday School ဆိုတာ ကလေးတွေပဲတက်ရတာဆိုပြီး သူတို့သိပ်မတက်ချင်ကြပါဘူး။ မတက်ချင်တဲ့အခါကျတော့ Youth Bible Study ဆိုပြီးလုပ်ပေးလိုက်မယ်ဆိုရင် သူတို့ကတက်ချင်ကြတယ်။ အဲ့တော့ Youth Bible Study Class ပဲခေါ်ခေါ်၊ Youth Sunday School Class ပဲခေါ်ခေါ်အတူတူပါပဲ။ နှစ်ခုလုံးက ကျမ်းစာကို အခြေခံပြီးသင်တာပဲ။ VBS (vacation Bible school) Programs နွေရာသီမှာဖွင့်တဲ့အစီအစဉ်တွေဖြစ် တယ် (Youth camp, Junior camp, Primary camp)။ Curriculum Programs သင်ရိုးညွှန်းတမ်းမှာ သင်ကြားခြင်းအမှုတော်မြတ်မှာ အတန်းကျောင်းရှိလာပြီဆိုရင် သင်ရိုးညွှန်းတမ်းဆိုတာလိုလာစမြဲပါ။ သင်ရိုးညွှန်းတမ်းဆိုတာ သင်ရိုးညွှန်းတမ်းပြုလုပ်ခြင်း၊ ရှာဖွေခြင်း၊ ဝယ်ယူခြင်း၊ စုဆောင်းခြင်း၊ ရယူခြင်း ဆိုတဲ့အစီအစဉ်တွေရှိပါတယ်။ နောက်ပြီးတော့ Teaching Aidsကတော့ သင်ရိုးညွှန်းတမ်းသင်ပြီဆိုရင် သင်ကြားမှု အထောက်ကူပြုပစ္စည်းတွေကိုတော့ ထုတ်လုပ်ရယူ ရှာဖွေလုပ်ဆောင်ရတာ ဖြစ်ပါတယ်။ နောက်တခုက Learning Library ကိုတွင်တွင်ကျယ်ကျယ်တော့ မလုပ်ဆောင်ကြသေးဘူး။ အဲ့ဒါကခရစ် ယာန်ဓမ္မပညာဌာနကနေမှ ဦးစီးဦးဆောင်ပြီး တွင်တွင်ကျယ်ကျယ်လုပ်ဆောင်ပေးရမယ့် အနေအထားမှာ ရှိတယ်။ အသင်းတော်ကျောင်း (Church School) မှာ Sunday School သင်တယ်၊ Bible studyသင်တယ်၊ တကယ်တမ်းတော့ ပညာရေးကဏ္ဍကို လှုပ်ရှားတဲ့ အရာမှန်သမျှက ကလေးများ မိမိကိုယ်တိုင် လေ့လာနိုင်တဲ့ စာအုပ်စာတမ်းများ အပြည့်အဝထားရှိပေးတဲ့Library ရှိဖို့လိုတယ်။ Libraby အခန်းတစ်ခန်းမရှိသည့်တိုင်အောင် ကလေးများလေ့လာသင့်တဲ့ စာအုပ်စာတမ်းများထည့်ထားတဲ့ ဘီရိုလေးတစ်လုံးတော့ရှိသင့်တယ်။ ပညာများရှာဖွေလေ့လာခြင်းမှာ စာအုပ်စာပေဖတ်ရှုလေ့လာခြင်းပါတဲ့အတွက် အဲ့ဒါကို မဖြစ်မနေ လုပ်ဆောင်ပေးရမဲ့တာဝန်ကျွန်တော်တို့မှာရှိပါတယ်။ Christian Home ကိုအစကတည်းက ခရစ်ယာန်ဓမ္မပညာလုပ်ငန်း နဲ့တွဲဖက်ပြီး

လုပ်ဆောင်လာခဲ့တဲ့အတွက် ခရစ်ယာန်အိမ်ထောင်ကလည်း ခရစ်ယာန်ဓမ္မပညာလုပ်ငန်းမှာ အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်တာဖြစ်တယ်။ ခရစ်ယာန်ဓမ္မပညာရဲ့ခေါင်းဆောင်များ သင်ကြားခြင်းအမှုတော်ကိုထိထိရောက်ရောက်လုပ်ဆောင်ရမယ်ဆိုလို့ရှိရင် Church School မှ Sunday Schoolအတန်းစုံ၊ Bible Study သင်ကြားခြင်းအစီအစဉ်၊ နွေရာသီ camp ပြုလုပ်ခြင်းအစီအစဉ်တွေ၊ သင်ရိုးညွှန်းတမ်းများ၊ သင်ထောက်ကူပစ္စည်းများရယူပေးခြင်း၊ Learning Library များထားရှိခြင်း အစီအစဉ် နှင့် ခရစ်ယာန်အိမ်ထောင်အစီအစဉ် ကိုထိထိရောက်ရောက်လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ တစ်ဘက်မှာလည်း Children Department မရှိတဲ့အတွက်ကြောင့်မို့လို့ ကလေးလုပ်ငန်းအစီအစဉ်မှာပါတဲ့ ECCD လုပ်ငန်းအထူးသဖြင့် under (14)ကိုအဓိကထားတာဖြစ်တယ်၊ ဒါပေမဲ့ကလေးဆိုတာကတော့ (၁၈)နှစ်အောက်ကိုကလေးလို့ခေါ်တာဖြစ်တယ်။ သို့သော်လည်းဒီမှာ ကျွန်တော်ဘာကြောင့် (၁၄)နှစ်အောက်လို့ပြောလဲဆိုရင် Child Labor မှာကြည့်ရင် (၁၄)နှစ်အောက်ကို အလုပ်လုံးဝခိုင်းစေခြင်း မပြုရလို့ပါတာဖြစ်တဲ့အတွက်ဖြစ်တယ်။ (၁၄) နှစ်အထက်ဆိုရင်တော့ ချွင်းချက်အနေနဲ့ သတ်မှတ်ချက်တွေနဲ့တကွ အခွင့်အရေးတွေနဲ့အတိုင်းအတာတစ်ခုထိ အလုပ်လုပ်လို့ရနေတာရှိတယ်။ နောက်တစ်ခုအနေနဲ့ အသက် ၁၅၊ ၁၆၊ ၁၇မှမရောက်ရင်လည်း လူငယ်ဌာနအနေနဲ့လည်း အဲ့ကလေးတွေအတွက် အစီအစဉ်မရှိတဲ့အခါကျတော့ အထူးသဖြင့် (၁၄)နှစ်အောက်တွေက ကလေးလဲမဟုတ် လူငယ်ဘက်လည်း မရောက်တဲ့အတွက် ကျွန်တော်တို့ဓမ္မပညာဌာနအနေနဲ့ အဲ့လိုကလေးအစုအဖွဲ့အတွက် အစီအစဉ်တွေ မလုပ်ဘူးဆိုရင်လည်း (ကလေးလုပ်သားတို့၊ Child Developmentတို့၊ Child Protectionတို့မှာ) ဟာကွက်တွေအများကြီးရှိသွားနိုင်ပါတယ်။

သင်ကြားခြင်းအမှုတော်မြတ်ကို ကျွန်တော်တို့ကြည့်မယ်ဆိုရင် အသင်းတော်ကျောင်းပညာရေး (Church School Education) နဲ့ ခရစ်ယာန်မိသားစုဆိုင်ရာပညာရေး (Christian Home Education) ဆိုပြီး နှစ်ပိုင်းခွဲနိုင်ပါတယ်။ အသင်းတော်ကျောင်းပညာရေးကို ထပ်ကြည့်မယ်ဆိုရင် အသင်းတော်ကျောင်းပညာရေးမှာ Sunday School classes, VBS Camps, Bible Study classes, Special Days Programs, Special Programs, Networking, Gathering Programs, Lessons Preparation Programs, Teacher Training Programs and Follow up & Evaluation Programs တို့ပါဝင်ပါတယ်။ အသင်းတော်ကျောင်းပညာရေးကို ဦးဆောင်နေသော ဆရာ/မများ ဒီကဏ္ဍများကို မချွင်းမချန်ထိရောက်စွာ လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ ခရစ်ယာန်အိမ်ထောင်ဘက်ကို ကြည့်မယ်ဆိုရင်လည်း လုပ်ငန်းတစ်ရပ်ရဲ့ အရေးကြီးတဲ့အခန်းကဏ္ဍမှာပါဝင်နေတော့ ခေါင်းဆောင်များအနေနဲ့ ခရစ်ယာန်အိမ်ထောင်အတွက် အမျိုးမျိုးသောသင်တန်းများကို လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ Family Gathering Programs ဆိုရင် နိုဝင်ဘာလမှာကျရောက်တဲ့ ခရစ်ယာန်အိမ်ထောင်ရက်သတ္တပတ်မှာ လုပ်ပေးလို့ရပါတယ်။ Home Visiting Programs သွားပေးရမယ်၊ အခုချိန်မှာ ကျွန်တော်တို့က Family Devotion Programs ကိုပြန်ဦးတည်ပြီး အများကြီးလုပ်ဆောင်ပေးသွားရမှာဖြစ်တယ်။ ခရစ်ယာန်အိမ်ထောင်တိုင်းက Family Devotion ဆိုတာရှိရမှာဖြစ်ပါတယ်။ အဲ့အတွက် ခရစ်ယာန်ဓမ္မပညာဌာနက ဘာအစီအစဉ်တွေလုပ်ပေးနိုင်လဲ၊ အထောက်အကူ

ဖြစ်ဖို့ ရန်အတွက်ဘာစာအုပ်တွေထုတ်ပေးနိုင်လဲ၊ Home Visiting တွေသွားပြီး ဘယ်လိုအားပေးမလဲ၊ ဘယ်လို Follow up လုပ်ပေးမလဲ စဉ်းစားရမှာဖြစ်တယ်။ Special Programs နဲ့ပက်သက်ပြီးတော့ ခရစ်ယာန်အိမ်ထောင်တွေအတွက် Special program တွေကိုလုပ်ဆောင်ပေးရမှာဖြစ်တယ်။

နောက်ထပ် သင်ကြားခြင်းအမှုတော်မြတ်မှာ အဓိကအကြောင်းအရင်းနှစ်ရပ်ကို မေ့လို့မရပါဘူး။ အဓိက အရင်းအမြစ်အချက်အလက်များ ( Main Sources) နဲ့ နည်းလမ်းများ ( Ways) ဆိုပြီး နှစ်မျိုးရှိပါတယ်။ ကျွန်တော်တို့ အဓိကအနေနဲ့ဘာကိုသင်တာလဲ။ ခရစ်ယာန်ဓမ္မပညာလုပ်ငန်းဖြစ်တဲ့အတွက် ကျမ်းစာကို သင်တာဖြစ်တယ်။ အသင်းတော်ကျောင်း သင်ကြားခြင်းမှာ ကျမ်းစာသင်တယ်ဆိုရင် ကျမ်းစာကျောင်း တွေမှာ ကျမ်းစာမသင်ဘူးလား မေးစရာရှိပါတယ်။ ကျမ်းစာကျောင်းမှာလည်း ကျမ်းစာသင်ပါတယ်။ ဓမ္မပညာကျောင်းမှာလည်း ကျမ်းစာသင်ပါတယ်။ သို့သော်သင်ပုံသင်နည်း၊ Nature မတူပါဘူး။ ကျမ်းစာ ကျောင်းမှာ ကျမ်းစာသင်တဲ့ပုံစံက Theology Stydy ဖြစ်ပြီး၊ သူက Seminary လို့ခေါ်ပြီး တပည့်တော် (၁၂)ပါးကို မွေးထုတ်ပေးတဲ့ပညာရေးစနစ်ဖြစ်တယ်။ အမှုတော်ဆောင်တွေကိုမွေးထုတ်ပေးတဲ့ ပညာရေးစနစ်ဖြစ်ပါတယ်။ ကျမ်းစာကျောင်းက အကျင့်စာရိတ္တပြုပြင်ပေးတဲ့ကျောင်းမဟုတ်ပါဘူး။ အသင်းတော်ကျောင်းမှာ ကျမ်းစာသင်ကြားခြင်းဆိုတာကတော့ ကျမ်းစာကိုပဲသင်တာဖြစ်ပြီး၊ Ethic အတွက်သင်တာဖြစ်တယ်။ အမူအကျင့်များ၊ အကျင့်စာရိတ္တများနဲ့ အသက်ရှင်မှုဆိုင်ရာပညာရပ်များကို သင်ပါတယ်။ ကျမ်းစာထဲမှာပါတဲ့ကျမ်းချက်တွေက အသက်တာကို ဘယ်လိုပြုပြင်ပေးနိုင်မလဲ၊ အဲ့ကျမ်း ချက်ကို ဘယ်လိုအသုံးပြုမလဲ၊ စိတ်ထဲမှာ ဘယ်လိုနှလုံးသွင်းမလဲ၊ ကျမ်းစာအားဖြင့် အကျင့်စာရိတ္တ ဘယ်လိုပြောင်းလဲမလဲ ဆိုတဲ့အပိုင်းကို အဓိကထားပြီးသင်ကြားပေးတာ အသင်းတော်ကျောင်းဖြစ်ပါ တယ်။ သင်ကြားခြင်းအမှုတော်ကို ကျွန်တော်တို့လုပ်ဆောင်မယ်ဆိုရင် Main Sources က Scripture ( Bible), Divine Will (Life), Life History (Bible, Life) တွေမှာရမယ်။ Ways ကတော့ Strategy ရှိမယ်၊ Methodology ရှိမယ်၊ Planning ရှိမယ်။ အဲ့နှစ်မျိုးကိုပေါင်းပြီးတော့ ကျွန်တော်တို့ပေးချင်တဲ့ အဓိက ကျမ်းစာအချက်အလက်ကို နည်းလမ်းအားဖြင့် support ပေးပြီး သင်ရိုးညွှန်းတမ်း၊ သင်ထောက်ကူ၊ သင်ခန်းစာစာအုပ်၊ သမ္မာကျမ်းစာသင်ခန်းစာစာအုပ်တွေ ထွက်လာမှာဖြစ်ပါတယ်။ Strategy ကိုကြည့်မယ်ဆိုရင် ပညာရှင်တစ်ယောက်ရေးထားတာကတော့ Strategy ဆိုတာ A plan of action intended to accomplish a specific goal ဖြစ်တယ်။ Strategy ဆိုတာ လှုံ့ဆော်ပေး (Motivate)ရမယ်၊ ပုံပမာ (Lead by example)ဖြစ်ရမယ်၊ သက်ရောက်စေ (Inspire)ရမယ်၊ ညွှန်ပြ (Mentor)ပေးရမယ်၊ နည်းပြပေး (Coach)ရမယ်၊ ညီညွတ်မှု (Teamwork)လုပ်ဆောင်ပေးရမယ်၊ ရူပါရုံထား (Vision)မှ goal ဆိုတဲ့အောင်မြင်မှု (Win) ကိုရရှိမှာဖြစ်တယ်။ Methodology ပိုင်းမှာကြည့်မယ်ဆိုရင် Teaching Methology မှာ ပညာရှင်တစ်ယောက်က အထက်အောက်၊ ဘေးဘယ်ညာဆိုတဲ့မျဉ်းနှစ်ကြောင်းရှိပြီး အပေါ်ရဲ့ဘယ်ညာ၊ အောက်ရဲ့ဘယ်ညာ အပိုင်း(၄)ပိုင်းခွဲပါတယ်။ အပေါ်မှာက High Techဖြစ်တယ် Teacher-Centered ဖြစ်ဖြစ် Student-Centered ဖြစ်ဖြစ်တိုးမြှင့်တဲ့ methods တွေဖြစ်တယ်။ ကိုယ်ပိုင်သင်ယူခြင်း(Personalized Learning)၊ ကိုယ်တိုင်ပါဝင်ခြင်း(Game-based Learning)၊

စူးစမ်းလေ့လာခြင်း (Inquiry-based Learning), Flipped Classroom (အိမ်မှာလေ့လာပြီး ဆရာနဲ့အတူ အတန်းထဲတွင်ဆွေးနွေးသင်ကြားခြင်းနည်း) ဒါတွေဟာသင်ယူမှုမှာ ပိုထိရောက်စေတဲ့ methods တွေဖြစ်တယ်။ အောက်မှာကတော့ Low Tech ဖြစ်ပြီး တစ်ဖက်တည်း သင်ခြင်း (Direct Instruction) အလျင်အမြန်သင်ယူခြင်း (Expeditionary Learning)၊ ကွဲပြားခွဲခြားညွှန် ကြားမှုများ (Differentiated Instruction) စတဲ့နည်းလမ်းများက သင်ကြားခြင်းမှာ သိပ်ထိရောက်မှုမရှိတဲ့ နည်းစနစ်တွေဖြစ်ပါတယ်။ ဥပမာအနေနဲ့ ယာဉ်ထိန်းချုပ်မှု (Vehicle Control) ကားပဲဖြစ်ဖြစ်၊ ကုန်တင်ယာဉ်ပဲဖြစ်ဖြစ် မောင်းနှင်တဲ့အခါ ကျွန်တော်တို့ control လုပ်ရပါတယ်။ သွားလိုရာရောက်နိုင်ဖို့ တင်တဲ့ပစ္စည်း ပေါ်မူတည်ပြီး control လုပ်ရပါတယ်။ Vehicle are not Main Things. ယာဉ်ကအဓိက အရာမဟုတ်ပါဘူး။ ယာဉ်အားဖြင့် အလုပ်လုပ်မည့်အရာကို ဆိုလိုခြင်းဖြစ်တယ်။ Vehicles are not Main Things, Vehicles are for Main Things, Strategy & Methodology are not Main Sources, Strategy & Methodology are for Main Sources. (Ref; Prof. Dr. Hebrew's Lecture.) ဒါကြောင့်မို့ Teaching Ministry မှာ Main Sources က Main Actor ဖြစ်ပြီး Ways ကတော့ Supporting Actor ဖြစ်တယ်။ Main Sources ကသမ္မာကျမ်းစာက Main Actor ဖြစ်ပြီး Ways မှာရှိတဲ့Strategy, Methodology, Planning တို့က Supporting Actor ဖြစ်တယ်။ ဒါကြောင့်သင်ကြားခြင်းအမှုတော် မြတ်လုပ်ငန်းကို ဦးဆောင်တဲ့ ခေါင်းဆောင်တွေ အဓိကသတိထားရမဲ့ တစ်ချက်က Sunday School သင်တဲ့အခါဖြစ်စေ၊ Bible Study သင်တဲ့အခါဖြစ်စေ Strategy တို့၊ Methodology တို့၊ Planning တို့ လိုအပ်တာမှန်ပေမဲ့ Main Actor ဖြစ်တဲ့သမ္မာကျမ်းစာအပေါ်ကို ဖုံးလွှမ်းမှု၊ လွှမ်းမိုးမှုမရှိစေရပါဘူး။ Methodology မလိုဘူးလား၊ လိုပါတယ်။ Method မပါရင်လူတွေပျင်းကြလိမ့်မယ်၊ ငြီးငွေ့ကြလိမ့်မယ်။ Strategy မပါရင် Goal ကို မရောက်နိုင်ဘူး။ Planning မရှိရင်လည်း စည်းစနစ်ကျမှာမဟုတ်ဘူး။ သို့သော်လည်း အဲ့ဒါတွေကိုမရှိမဖြစ် ငြေညလိုသဘောထားပြီးတော့ အဓိကအကြောင်းအရင်း ဖြစ်တဲ့သမ္မာကျမ်းစာရဲ့ ဆိုလိုချက်တွေ၊ ပေးရမဲ့သမ္မာကျမ်းစာရဲ့ အကြောင်းအချက်တွေ ပျောက်သွားမယ်ဆိုရင် ဒါကိုသတိပြုစရာဖြစ်လိမ့်မယ်ဆိုတာကို ပြောချင်ပါတယ်။ Main actor ဖြစ်တဲ့ သမ္မာကျမ်းစာပေါ်ပေါ်လွင်လွင်ဖြစ်ဖို့ supporting actor ဖြစ်တဲ့ ways က support ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ဒီနေ့ဒီလိုအချိန်မှာ သင်ကြားခြင်းအမှုတော်မြတ်ကို ဦးစီးဦးဆောင်လုပ်နေတဲ့ ကျွန်တော်/မတို့က Strategy နည်းလမ်းကို ကောင်းကောင်းသိရမယ်။ Methodology နည်းလမ်းကို ကောင်းကောင်းသိရမယ်။ Planning နည်းလမ်းကိုကောင်းကောင်းသိရမယ်။ နည်းပညာ၊ နည်းလမ်း၊ နည်းဥပဒေသ၊ နည်းဗျူဟာကိုသိရမှာဖြစ်တယ်။ ရေတိုက်ရတဲ့နည်းလမ်းကမတူပါဘူး။ မွေးကာစကလေးလေးက ဂွမ်းသေးသေးနဲ့ တိုက်ရသလို၊ အသက်ကြီးပြီးလဲ့နေတဲ့ လူကြီးကိုရေခွက်နဲ့တိုက်တဲ့အခါ ရေအားလုံးမျက်နှာကိုသွားဖိတ်စင်မှာဖြစ်တယ်။ ပိုက်လေးနဲ့တိုက်ရတယ်။ ထိုနည်းတူညှော်သည်လာရင် ရေဖန်ခွက်လေးနဲ့ခပ်ပြီးတိုက်ရတယ်။ နွားကိုရေတိုက်တဲ့အခါ ဆွဲပုံးနဲ့ တိုက်ရတယ်။ လူကိုတော့ဆွဲပုံးနဲ့တိုက်ရင် မကောင်းပါဘူး။ တိုက်တဲ့အရာကလဲဒီရေပါပဲ သောက်ရတာလဲဒီရေပါပဲ။ ဒါပေမဲ့ တိုက်တဲ့အခြေနေ၊ သုံးတဲ့ပစ္စည်းချင်းမတူပါဘူး။ တခါတလေ ဂွမ်းနဲ့တိုက်ရတာရှိတယ်၊ ပိုက်နဲ့တိုက်ရတာရှိတယ်။ ပုံးနဲ့တိုက်ရတာရှိသလို ခွက်နဲ့တိုက်ရတာလဲရှိတယ်။ ရေအိုင်မှာသွားတိုက်ရတာတွေရှိ

တယ်။ ဘယ်လိုပဲဖြစ်ဖြစ် main sources ဖြစ်တဲ့ သမ္မာကျမ်းစာကပေးတဲ့အကြောင်းအရာတွေကို ပြောတဲ့ အခါမှာ ways နည်းလမ်းတွေကိုအသုံးပြုရပါတယ်။ သို့သော်လည်းပဲ ထိုအရာတွေက main ဖြစ်တဲ့ သမ္မာကျမ်းစာကို ပျောက်သွားအောင် မလွှမ်းမိုးရပါဘူး။ ဓမ္မပညာကဏ္ဍမှာ ဦးဆောင်နေတဲ့ ဆရာ/မ များအနေဖြင့် ဒီနှစ်မှာ သင်ကြားခြင်း နည်းစနစ်အမျိုးမျိုးနဲ့ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ သင်ကြားမှုကို ထိရောက်ဖို့အတွက် method အမျိုးမျိုးကိုသိထားရမှာဖြစ်ပါတယ်။ ဘယ်လို method က တော့ဘယ်လို အခြေအနေနဲ့ ကိုက်ညီမလဲ။ ဘယ်လို method ကတော့ဘယ်နှစ်နာရီအတွင်းကိုက်ညီမလဲ။ ဘယ်လို method ကတော့ ဘယ် class room base နဲ့ကိုက်ညီမလဲ။ Class room base မှာဆိုရင် အချိန်ရှိတယ်၊ သင်ရိုးညွှန်းတမ်း အတိအကျရှိတယ်။ Class room base မဟုတ်ဘဲ သင်ကြားရတဲ့နေရာတွေရှိတယ်။ အဲ့ချိန်မှာ ဘယ်လို methodology သုံးရမလဲဆိုတာလဲသိရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဦးစီးဦးဆောင်လုပ်တဲ့သူတွေက methodology အကြောင်းဆွေးနွေးသင်ကြားလေ့လာရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ways နဲ့ပက်သက်တဲ့သင်တန်း OD training ကို strategy, methodology, planning တွေကို ကျွမ်းကျင်တဲ့သူတွေကိုခေါ်ပြီး လုပ်ဖို့ရှိပါတယ်။